ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့
ကျန်းမာရေးဝန်ကြီးဌာန
ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၃)
၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ တာဝန်များအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

(က) ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှ မတ်လ (၁၆) ရက်နေ့အတွင်း လျှောက်ထားရမည့် ရာထူးနေရာများ

စဉ်	တာဝန်	ပညာအရည်ချင်း	မှတ်ချက်
၁။	အထူးကုဆရာဝန်များ	M.Med. Sc/ MPH/ Dr.Med. Sc/ Ph.D	မည်သည့်အထူးကုဘာသာရပ် အမျိုးအစားမဆို
၂။	ဆရာဝန်များ	M.B.,B.S	
၃။	သွားနှင့်ခံတွင်း အထူးကုဆရာဝန်များ	M.D.Sc/ Dr.D. Sc/ Ph.D	မည်သည့်အထူးကုဘာသာရပ် အမျိုးအစားမဆို
၄။	သွားနှင့်ခံတွင်း ဆရာဝန်များ	B.D.S	
၅။	အထူးကုဘွဲ့လွန်သင်တန်းသားများ	PG Students	မည်သည့်အထူးကုဘာသာရပ် အမျိုးအစားမဆို
၆။	ဆေးနှင့် ဆေးနီးနွယ်ဆိုင်ရာ ဒီပလိုမာဘွဲ့ ရရှိသူများ	Diploma	

စဉ်	တာဝန်	ပညာအရည်ချင်း	မှတ်ချက်
၇။	သူနာပြုများ	B.N. Sc/ M.N. Sc/ Diploma in Nursing and Midwifery	
၈။	ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်များမှ ဒီပလိုမာ/ ဘွဲ့ ရရှိသူများ	D.Med. Tech/ D.P. Sc/ B.Med. Tech/ B.P. Sc/ M.Med. Tech/ Ph.D	
၉။	ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိသူများ	B. Pharm/ M. Pharm/ Ph.D	
၁၀။	တိုင်းရင်းဆေးပညာရှင်များ	M.M.T.M/ B.M.T.M/ Dip.T. Med (Mdy)	

(ခ) ၂၀၂၃ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့မှ ဧပြီလ (၇) ရက်နေ့အတွင်း လျှောက်ထားရမည့် ရာထူး နေရာများ

စဉ်	တာဝန်
၁။	ကျန်းမာရေးမှူးများ (HA)
၂။	အမျိုးသမီးကျန်းမာရေးဆရာမများ (LHV)
၃။	သားဖွားဆရာမများ (Midwife)
၄။	ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ များ (PHS-1)
၅။	ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ များ (PHS-2)

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံဖွား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက CDM ဝန်ထမ်း ဖြစ်ရမည်။ အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(င) အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များက တာဝန်ချထားမည့် နေရာဒေသများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများအနေဖြင့် **"စာပိုဒ် ၁။ (က) နှင့် ၁။ (ခ)"** တို့တွင် ပါရှိသည့် ရာထူးနေရာများအလိုက် သတ်မှတ်ထားသော ရက်များအတွင်း **နေ့စဉ် ပိတ်ရက်မရှိ၊ နံနက် (၁၀) နာရီမှ ည (၈) နာရီအထိ** အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၏ **Telegram Account - https://t.me/HR_MOHNUG သို့မဟုတ် Telegram Username - @HR_MOHNUG** တွင် လျှောက်လွှာပုံစံများ ထုတ်ယူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ ဝန်ထမ်းစိစစ်ရွေးချယ်ခန့်အပ်ရေးကော်မတီက အတည်ပြုရွေးချယ်ခြင်း ခံရသူများသည် တာဝန်ချထားမည့်နေရာများအတွက် လိုအပ်သည့် သင်တန်းများကို သတ်မှတ်အစီအစဉ်များအတိုင်း တက်ရောက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အစီအစဉ်ဖြင့် ဒေသအသီးသီးသို့ တာဝန်ချထားမည်ဖြစ်ပါသည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များတွင် တော်လှန်ရေးကာလနှင့် ကြားကာလ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးသူရဲကောင်းများအတွက် လက်ရှိကာလအတွင်း လူမှုဘဝလုံခြုံမှုနှင့် လုပ်ငန်းခွင်လုံခြုံမှုများကို ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိပြီး တော်လှန်ရေးအလွန်ကာလတွင်လည်း ဘဝအာမခံချက်များနှင့် အထူးအခွင့်အရေးများကို ဖက်ဒရယ်ဒီမိုကရေစီမူဝါဒများနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပါသည်။

၆။ ဝန်ကြီးဌာနသည် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးအင်အားစုများနှင့် တော်လှန်ရေးကာလအတွင်း အခက်အခဲအမျိုးမျိုးကြား၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ ကျန်းမာရေးသူရဲကောင်းများအားလုံးကို အထူးအသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။